## ၄။ အချိန်ကိုက် အချိုးညီ အသုံးပြုခြင်း (စပါးပင်သက်တမ်းနှင့် စိုက်ပျိုးနည်းအလိုက် ပုလဲဓာတ်မြေဩဇာ ထည့်သွင်းနည်း)

| စပါး သက်တမ်း (ရက်) | စိုက်ပျိုး နည်းစနစ် | (ပ)ကြိမ် ထည့်သွင်းရမည့် | | (ဒု)ကြိမ် ထည့်သွင်းရမည့် | | (တ)ကြိမ် ထည့်သွင်းရမည့် | | (စ/တ)ကြိမ် ထည့်သွင်းရမည့် | |
|---|---|---|---|---|---|---|---|---|---|
| | | ရက် | ပုလဲ ပေါင်/ဧက | ရက် | ပုလဲ ပေါင်/ဧက | ရက် | ပုလဲ ပေါင်/ဧက | ရက် | ပုလဲ ပေါင်/ဧက |
| ၁၂၀ | ပျိုးထောင် စိုက် | ရွှေ့စိုက်ပြီး ၁၄ ရက် | ၃၇ | ရွှေ့စိုက်ပြီး ၂၈ ရက် | ၃၇ | – | – | ရွှေ့စိုက်ပြီး ၄၂ ရက် | ၃၇<br>၅၇* |
| | တိုက်ရိုက် အစေ့ချ | အစေ့ချပြီး ၂၁ ရက် | ၃၇ | အစေ့ချပြီး ၃၅ ရက် | ၃၇ | – | – | အစေ့ချပြီး ၆၃ ရက် | ၃၇<br>၅၇* |
| ၁၃၀–၁၄၀ | ပျိုးထောင် စိုက် | ရွှေ့စိုက်ပြီး ၁၄ ရက် | ၃၇ | ရွှေ့စိုက်ပြီး ၂၈ ရက် | ၃၇ | ရွှေ့စိုက်ပြီး ၄၂ ရက် | ၃၇ | ရွှေ့စိုက်ပြီး ၅၆ ရက် | ၃၇<br>၅၇* |
| | တိုက်ရိုက် အစေ့ချ | အစေ့ချပြီး ၂၁ ရက် | ၃၇ | အစေ့ချပြီး ၃၅ ရက် | ၃၇ | အစေ့ချပြီး ၆၃ ရက် | ၃၇ | အစေ့ချပြီး ၇၇ ရက် | ၃၇<br>၅၇* |

ရာသီဥတုအခြေအနေနှင့် ပြုစုစောင့်ရှောက်မှုကောင်းလျှင် ထည့်ရမည့်နှုန်းထား

## စပါးသီးနှံ မျှော်မှန်းအထွက်နှုန်းရရှိရန် ဖြည့်စွက်သုံးစွဲရမည့် ဖော့စဖိတ် နှင့် ပိုတက်ရှ်ဓာတ်မြေဩဇာနှုန်းထား

| မျှော်မှန်းအထွက်နှုန်း တင်း/ဧက | ၆၀ | ၈၀ | ၁၀၀ | ၁၂၀ |
|---|---|---|---|---|
| ဖော့စဖိတ် (သို့) ပိုတက်ဆီယမ် ဓာတ်ကန့်သတ်သုံးထားသည့် အထွက်နှုန်း | တီစူပါ(သို့)ပိုတက်ရှ် ပေါင်/ဧက | | | |
| ၅၀ တင်း/ဧက (သဲမြေ) | ၀ | ၅၆ | ၁၁၂ | – |
| ၇၀ တင်း/ဧက (နုန်းမြေ) | – | ၀ | ၅၆ | ၁၁၂ |
| ၉၀ တင်း/ဧက (ရွှံ့စေးမြေ) | – | – | ၂၈ | ၅၆ |

## သဘာဝမြေဩဇာများတွင် အာဟာရဓါတ်ပါဝင်မှုရာခိုင်နှုန်း

| စဉ် | သဘာဝ မြေဩဇာ | ပျမ်းမျှ ပါဝင်မှု (%) | | |
|---|---|---|---|---|
| | | နိုက်ထရိုဂျင် | ဖော့စဖိတ် | ပိုတက်ရှ် |
| ၁ | တီကျစ်စာ မြေဆွေး | ၄ ။ ၈၅ | ၄ ။ ၅၅ | ၁ ။ ၈၂ |
| ၂ | ကြက်ဆူ ကြိတ်ဖတ် | ၄ ။ ၄၄ | ၂ ။ ၀၉ | ၁ ။ ၆၈ |
| ၃ | လင်းနို့ချေး | ၁ ။ ၅၀ | ၅ ။ ၀၀ | ၁ ။ ၅၀ |
| ၄ | ကြက်ချေး | ၁ ။ ၄၆ | ၀ ။ ၅၁ | ၀ ။ ၅၁ |
| ၅ | နွားချေး | ၁ ။ ၄၀ | ၀ ။ ၉၂ | ၀ ။ ၀၈ |
| ၆ | ကောက်ရိုး | ၀ ။ ၆၅ | ၀ ။ ၇၅ | ၂ ။ ၅၀ |
| ၇ | ပဲမျိုးရင်းဝင် အပင်များ | ၄ ။ ၈၀ | ၁ ။ ၂၁ | ၁ ။ ၂၉ |

မြေအသုံးချရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊
နေပြည်တော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန မှ
ထုတ်ဝေထားသည့် ပညာပေးလက်ကမ်းစာစောင်များအား
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထပ်ဆင့်ဖြန့်ဝေပါသည်။

Myanmar Rice Federation

# မြေဩဇာကို အကျိုးရှိထိရောက်စွာ သုံးစွဲနည်း



# သီးနှံပင်အထွက်တိုးရေးအတွက် ညီညွတ်မျှတစွာပေးရန် လိုအပ်သည့် အာဟာရများ

(C,H,O,N,P,K,Ca,Mg,S,B,Cu,Fe,Mn,Mo,Zn,Cl)

## အဓိကအာဟာရဓာတ် N , P , K မြေဩဇာများ၏ သဘာဝ

❖ (N) ဓာတ်သည် ပင်ပိုင်းကြီးထွားလာမှုကို အဓိကအား ပေးသည့်အတွက် အပင်သက်တမ်းတစ်လျှောက်လုံး ထည့်သွင်းပေးရန် လိုအပ်သည်။ ယူရီးယား/ပုလဲ (N) ဓာတ်သည် ထည့်သွင်းသလောက်အပင်မှ မစားသုံးနိုင်ပဲ အငွေ့ပျံလွယ်ခြင်း၊ စိမ့်ဝင်စီးဆင်းပျောက်ဆုံးမှုတို့ကြောင့် (၄၀ ရာခိုင်နှုန်း)ခန့် အလိုအလျောက်ဆုံးရှုံးလေ့ရှိသည်။

မြေဆွေးဖြင့် ရောနှောအသုံးပြုခြင်း၊ အကြိမ်ကြိမ်ခွဲ၍ ထည့်သွင်းခြင်းများဖြင့် လေလွင့်ဆုံးရှုံးမှု လျော့နည်းသက်သာစေသည်။

❖ (P) ဓာတ်သည် အမြစ်ဖွံ့ဖြိုးမှုအားပေးခြင်း၊ ပင်ပွားနှုန်းကောင်းခြင်း၊ အပွင့်အသီးတို့ကို အားပေးခြင်း၊ အစေ့အဆန် အောင်မြင်စေခြင်းတို့ကြောင့် တီစူပါ(P)ဓာတ်မြေဩဇာကို မြေခံမှစတင်၍ မဖြစ်မနေထည့်သွင်းပေးရန်လိုအပ်ပါသည်။

❖ (K) ဓာတ်သည် အပင်မှအာဟာရဓာတ်များ ကောင်းစွာစုပ်ယူနိုင်ရန် ကူညီပေးသည့်အတွက် မည်သည့်မြေဩဇာကို ထည့်သွင်းသည်ဖြစ်စေ ပိုတက်ရှ်(K) ဓာတ်မြေဩဇာကို တွဲဖက်၍ အသုံးပြုသင့်သည်။

## ၁။ အာဟာရဓာတ် တစ်ယူနစ်တန်ဖိုးတွက်ချက်ခြင်း

မြေဩဇာတွင် ပါဝင်သော အာဟာရဓာတ်နှင့် သင့်တင့်မျှတသော ဈေးရှိ/မရှိကို အာဟာရတစ်ယူနစ် တန်ဖိုးတွက်ချက်နည်းဖြင့် စီစစ်ရန်လိုအပ်ပါသည်။

### ❖ နိုက်ထရိုဂျင်အာဟာရ တစ်ယူနစ်တန်ဖိုး တွက်ချက်ခြင်း

နိုက်ထရိုဂျင် (၄၆ ရာခိုင်နှုန်း)ပါဝင်သော (၁၁၂)ပေါင်ရှိ ယူရီးယားတစ်အိတ် = ၂၀၀၀၀ ကျပ်

ယူရီးယားတစ်အိတ်တွင် ပါဝင်သော နိုက်ထရိုဂျင် = ၅၁ ပေါင်

နိုက်ထရိုဂျင်တစ်ယူနစ်တန်ဖိုး = ၃၉၂ ကျပ်

### ❖ ကွန်ပေါင်းဓာတ်မြေဩဇာ အာဟာရတစ်ယူနစ်တန်ဖိုး တွက်ချက်ခြင်း

(၁၁၂)ပေါင်ရှိ(၁၅)ပတ်လည် ကွန်ပေါင်း ဓာတ်မြေဩဇာတစ်အိတ် တန်ဖိုး = ၂၅၀၀၀ ကျပ်

အာဟာရ တစ်ယူနစ်တန်ဖိုး = ၅၀၀ ကျပ်

(၁၁၂)ပေါင်ရှိ(၁၀း၁၀း၅)ကွန်ပေါင်း ဓာတ်မြေဩဇာတစ်အိတ်တန်ဖိုး = ၁၈၀၀၀ ကျပ်

အာဟာရ တစ်ယူနစ်တန်ဖိုး = ၆၄၃ ကျပ်

## ၂။ လေလွင့်ဆုံးရှုံးမှုနည်းပါးအောင်အသုံးပြုခြင်း

- ➢ မြေဩဇာ စီမံခန့်ခွဲမှု
- ➢ မြေဆီလွှာ စီမံခန့်ခွဲမှု
- ➢ သီးနှံ စီမံခန့်ခွဲမှု
- ➢ စိုက်ပျိုးနည်းစနစ်ဆိုင်ရာ စီမံခန့်ခွဲမှု

## ၃။ မြေဆွေးပြုလုပ်သုံးစွဲခြင်း

❖ သဘာဝ လေဒဏ်၊ မိုးဒဏ်မှ ကာကွယ်ရန် သစ်ပင်အောက်သည် အကောင်းဆုံးဖြစ်သည်။

❖ မြေပေါ်၌ အုန်းခွံ၊ ကြံဖက်၊ စက္ကူရွက်၊ စပါးခွံ၊ ကောက်ရိုး မြက်ခြောက်၊ သစ်ရွက်ခြောက် အပိုင်းအစများ၊ ခုတ်ဖြတ်ထားသည့် သစ်ပင်/ခြုံနွယ်၊ အိမ်မိုးဟောင်း(မြက်/ဖက်) စသည်တို့ကို (၆)လက်မ အထူရှိအောင်ခင်းပါ။

❖ အစိမ်းရောင် ပေါင်းမြက်များ၊ ဟင်းသီးဟင်းရွက်နှင့် မီးဖိုချောင် စွန့်ပစ်ပစ္စည်းများ၊ ပဲရိုး ပဲမှော်များဖြင့် (၆)လက်မအထူရှိအောင် ထပ်မံခင်းပါ။

❖ လတ်ဆတ်သည့် တိရိစ္ဆာန်ချေးနှင့် မြေဆွေး၊ ကောင်းမွန်သည့် အပေါ်ယံမြေဆီလွှာ၊ သစ်တောအောက်ခြေရှိ အမှိုက်သရိုက်များဖြင့် (၁)လက်မ အထူရှိအောင်ထပ်မံဖုံးအုပ်ပါ။

❖ သင့်တင့်သော အစိုဓာတ်ရရှိအောင် ရေညီညာစွာလောင်းပေးပါ။

❖ မြေဆွေးပုံသည် အနည်းဆုံး (၃)ပေ အမြင့်ရရှိအောင် အဆင့်(၃)ဆင့်ကို ထပ်မံပြုလုပ်ပေးရပါမည်။

❖ မြေဆွေးပုံကို သုံးပတ်လျှင်တစ်ကြိမ် ထိုးဆွလှန်လှော ပေးရမည်။

❖ လေဝင်လေထွက်ကောင်းအောင် အချင်း(၁)လက်မ ခန့်ရှိ ဝါးလုံးများကို (၁)ပေစီ ခွာ၍ အပုံ၏ထိပ်ဖျားမှ အောက်ခြေထိ ထိုးစိုက်ထားနိုင်သည်။

❖ မြေဆွေးပုံပြုလုပ်ပြီး (၂)လကြာ ပြီးသည့်နောက်တွင် အသုံးပြုနိုင်သည်။